# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

September 24, 2019 Volume 23, Number 17


| ၂၄.၉.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၂၁ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၄၁၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၃/- ကျပ် |
| CBM Rate | = ၁၅၃၃.၀ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၅.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၃.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၀၆.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၄.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၉.၃ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၇၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၆၃၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁.၂၈.၃၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၇၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၂၀၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## တရားမဝင်လမ်းကြောင်းမှ လစဉ်သကြားဝင်ရောက်မှုကြောင့် သကြားဈေးကျဆင်းနေပြီး လုပ်ငန်းရှင်များအခက်ကြုံ




ပြည်တွင်းသို့ ထိုင်းနိုင်ငံမှ Refined Sugar များ တရားမဝင်နှင့် တရားဝင်တင်သွင်းလာမှုမှာ လစဉ်တန်ချိန်နှစ်သောင်းခန့် ရှိနေရာ ပြည်တွင်း၌ သကြားများ စုပုံနေခြင်းနှင့် တရုတ်ဘက်မှအဝယ်မရှိသဖြင့် သကြားဈေးကျဆင်းနေကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံထွက်လုပ်ငန်းရှင်များအသင်းမှသိရသည်။ Refined Sugar တင်သွင်းခွင့်ကို ကုမ္ပဏီ ၁၁ ခုမှ လုပ်ငန်းသုံးရန်အတွက် လစဉ်တန်ချိန် တစ်သောင်း တင်သွင်းနေပြီး မြဝတီနယ်စပ်မှ တရားမဝင်လမ်းကြောင်းမှလည်း ဝင်ရောက်နေခြင်းဖြစ်ရာ သကြားဈေးကွက်ကို ထိခိုက်မှုရှိသည်ဟု ဒုတိယဥက္ကဋ္ဌ ဦးဝင်းငွေးက ပြောဆိုသည်။ ASIAN Free Trade မှာ အာဆီယံနိုင်ငံတွေကသွင်းတယ်ဆိုရင် ဖရီးပဲ။သွင်းကုန် ခွန်ကောက်လို့မရဘူး။ ကော်ဖီ၊ နို့ဆီတို့ပြည်တွင်းထုတ်သူတွေက Form D နဲ့ Import အနေနဲ့ Refined Sugar တင်သွင်းကြပြီး လုပ်ငန်းသုံးပိုလျှံတော့ ပြန်ရောင်းတယ်။ နိုဝင်ဘာလကုန်လောက်ဆိုရင် ပြည်တွင်းစက်တွေကသကြား ထွက်လာတော့မှာဆိုတော့ အရင်နှစ်ကတည်းက ဂိုဒေါင်တွေမှာစုပုံနေတဲ့ သကြားတွေ ရှိနေသေးတယ်ဟု ၎င်းက ပြောဆိုသည်။

ပြည်တွင်းထုတ်သကြားပေါက်ဈေးမှာ ယခင်နှစ်က တစ်ပိဿာ ကျပ် ၁၀၅၀ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးမှာ ကျပ် ၉၃၀ သာရှိသဖြင့် သကြားဈေးကွက် အကျဘက်သို့ဦးတည်နေကြောင်း၊ ပြည်တွင်းသကြားစက်များမှ ထုတ်လုပ်မှုအားလုံးပေါင်းလျှင် တန်ချိန်ငါးသိန်းဝန်းကျင်ရှိသဖြင့် ပြည်တွင်းစားသုံးမှုဖူလုံသော်လည်း ပြည်ပမှ တရားမဝင်တင်သွင်းလာ၍ ဈေးကွက်ယှဉ်ပြိုင်နေရခြင်းဖြစ်သည်။ ကြံစိုက်ဒေသတွေမှာ ဒီနှစ်က မိုးခေါင်လို့အထွက်နှုန်းလျော့ကျမယ့် အခြေအနေရှိတယ်။ စက်ရုံတွေမှာလည်း အရင်နှစ်ကသကြားတွေရောင်းမထွက်လို့ ကြံဝယ်ဈေးလည်း ကောင်းကောင်းမပေးနိုင်သလို ကြိုတင်ငွေထုတ်ဖို့ နောက်ကျတော့ ကြံတောင်သူတွေမှာက မြေဩဇာ၊ ပေါင်းသတ်ဆေးထည့်ချိန်နောက်ကျလို့ အပင်တွေ ကြံထွက်နှုန်း ကကျနိုင်တယ်ဟု ကသာမြို့မှ ကြံစိုက်တောင်သူ ဦးချိုတူးကပြောဆိုသည်။ ကြံစိုက်ဧကမှာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ဧကပေါင်းလေးသိန်းကျော်ရှိပြီး သကြား စက်များကလည်း ယမန်နှစ်ပေါက်ဈေးအတိုင်း ကြံဝယ်ယူ ပေးသွားမည်ဖြစ်ပြီးImport Policy နှင့် Production Policy နှစ်ခုကို ညီမျှအောင်ချိန်ဆ လုပ်ဆောင်ရန်အပြင် စားသုံးသူနှင့်စက်မှုလုပ်ငန်းများတွင် Refined Sugar များ အစားထိုးထုတ်လုပ်သွားရန်လိုကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/128758.html


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဌမနေ့တွင် ကျောက်စိမ်းအတွဲ (၉၇၅) တွဲကို ယူရိုငွေ ၆၀ ဒသမ ၉၆၈ သန်းဖြင့် ရောင်းချ

၂၀၁၉ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အဌမနေ့ကို ယနေ့ နံနက် ၇ နာရီခွဲမှစတင်၍ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမနှင့် မဏိရတနာကျောက်စိမ်းဝင်းအတွင်း၌ ဆက်လက်ကျင်းပသည်။ ယနေ့ပြပွဲတွင် ပြည်တွင်းပြည်ပ ရတနာကုန်သည်များက စိတ်ကြိုက်ကြည့်ရှုလေ့လာ၍ ဈေးနှုန်းတင်သွင်းလွှာများ ရေးသားတင်သွင်းထားသည့် အတွဲအမှတ် (၃၉၁၂) မှ (၅၂၁၁) အထိ ကျောက်စိမ်းအတွဲပေါင်း (၁၃၀၀) ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရာ ကျောက်စိမ်းအတွဲ (၉၇၅) တွဲကို ယူရိုငွေ ၆၀ ဒသမ ၉၆၈ သန်းဖြင့်ရောင်းချသည်။

ပြပွဲတွင် ပြည်တွင်းပြည်ပ ရတနာကုန်သည်များက ဆက်လက်ရောင်းချသွားမည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လှည့်လည်ကြည့်ရှုကြပြီး ဈေးနှုန်းတင်သွင်းလွှာ (Bidding Form) များကို တင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။ ၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ဖြစ်သည့် စက်တင်ဘာ ၂၄ ရက်တွင် (၅၂၁၂) မှ (၆၅၁၁) အထိ ကျောက်စိမ်းအတွဲ ပေါင်း (၁၃၀၀) နှင့် ဒသမနေ့ဖြစ်သည့် စက်တင်ဘာ ၂၅ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၆၅၁၂) မှ (၇၈၁၁) အထိ ကျောက်စိမ်းအတွဲ ပေါင်း (၁၃၀၀) တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

**Source:** https://www.facebook.com/SFJWeekly/posts/2678010185619590?__tn__=K-R

## နှစ်နိုင်ငံကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံပြည့်မီရန် အိန္ဒိယဆန်နှင့်သကြားများကို အင်ဒိုနီးရှားဝယ်ယူမည်

တောင်အာရှ၏ အကြီးဆုံးနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားသည် အိန္ဒိယမှ ဆန်နှင့်သကြား များဝယ်ယူရန် ဆုံးဖြတ်လိုက် ခြင်းကြောင့် နှစ်နိုင်ငံအကြားဖြစ်ပေါ်နေသည့် ကုန်သွယ်မှုလိုငွေကို လျှော့ချလာနိုင်မည်ဖြစ်ကာ ၂၀၂၅ တွင် နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ ၅၀ ဘီလီယံပြည့်မီရန် အထောက်အကူပြုစေမည်ဟု ၁၇.၉.၂၀၁၉ နေ့တွင် ET သတင်းစာမျက်နှာ၌ ဖော်ပြထားကြောင်းသိရှိရသည်။ နှစ်နိုင်ငံကုန်သွယ်မှုအနေဖြင့် လက်ရှိ အခြေအနေတွင် အင်ဒိုနီးရှား ဘက်က အားသာနေပြီး၊ အိန္ဒိယ သကြားနှင့်ဆန်များကို အင်ဒိုနီးရှားက ဝယ်ယူမည့်အခြေအနေကြောင့် နှစ်နိုင်ငံအကြား ဖြစ်ပေါ်နေသည့် ကုန်သွယ်မှုလိုငွေကို ဖြည့်ဆည်းလာနိုင်မည်ဖြစ်ကြောင်း၊ ယခုဆုံးဖြတ်ချက်သည် အင်ဒိုနီးရှားစားအုန်းဆီများ အိန္ဒိယဈေးကွက်သို့ တန်းတူယှဉ်ပြိုင်ဝင်ရောက်နိုင်စေရန် မလေးရှားစားအုန်းဆီများအပေါ် အခွန်နှုန်းထားတူ တိုးမြှင့် ကောက်ခံရန် အိန္ဒိယကစီစဉ်လိုက်ပြီး မကြာမီပေါ်ပေါက်လာခြင်းဖြစ်သည်ဟု ET က သုံးသပ်ဖော်ပြထားပါသည်။ ၂၀၁၈ ဘဏ္ဍာနှစ်တွင် အိန္ဒိယနှင့်အင်ဒိုနီးရှားနှစ်နိုင်ငံအကြားကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံရှိခဲ့ပြီး၊ ၂၀၂၅ တွင် အမေရိကန်ဒေါ်လာ ၁၁.၂၁ ပြည့်မီရန် နှစ်နိုင်ငံခေါင်းဆောင်များက မျှော်မှန်းထားကြောင်း၊ အိန္ဒိယနိုင်ငံမှ စိုက်ပျိုးရေး ထွက်ကုန်မြှင့်တင်ရေးအဖွဲ့ဥက္ကဌ ဦးဆောင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားဈေးကွက်သို့ ကျွဲသား၊ ဆန်နှင့်သကြားများ တိုးချဲ့တင်ပို့နိုင်ရန်ရည်ရွယ်ကာ ၁၆.၉.၂၀၁၉ နေ့တွင် အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိနေကြောင်းသိရှိ ရသည်။

**Source: စီးပွားရေးသံမှူး-အိန္ဒိယ**

## အခြေခံစပါးဈေးနှုန်းတည်ငြိမ်ရေးနှင့် စပါးဝယ်ယူရေးအစီစဉ်များဆွေးနွေးနေ

အခြေခံစပါးဈေးနှုန်းထုတ်ပြန်နိုင်ရေး အစိုးရသို့တင်ပြထားပြီး လိုအပ်ပါက စပါးဝယ်ယူရေးနှင့်သိုလှောင်ရေးအစီအစဉ် များ ကြိုတင်ပြင်ဆင်ထားရှိနိုင်ရေး ဆွေးနွေးလျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသိရသည်။ အသင်းချုပ် ဒုတိယဥက္ကဌ ဦးသောင်းဝင်းက နိုင်ငံတော်ကနေ အခြေခံဈေးနှုန်းအောက်ကျဆင်းရင် စပါးဈေးနှုန်းဝယ်ယူရေး အစီစဉ်တွေ ဆွဲထားရမှာပေါ့။ လိုအပ်ခဲ့ရင် ဝယ်ယူမယ့်အခြေအနေမှာ နေရာဒေသကောင်းတဲ့နေရာတွေကို သူတို့နဲ့လည်း အဆင်ပြေမယ့် နေရာတွေကို ဝယ်ယူရမှာပေါ့။ နေရာဒေသရွေးချယ်ရင် အသင်းချုပ်ကနေ ဘယ်နေရာဝယ်မယ်၊ ဘယ်နေရာ ထားမယ် ဆိုတာကို စီစဉ်ကူညီပေးရမှာပေါ့ဟုပြောသည်။

ယခုနှစ်တွင် စပါးအခြေခံဈေးနှုန်းကို ပုံစံ ၃ မျိုးဖြင့် တွက်ချက်ချက်အရ တင်းတစ်ရာလျှင် ကျပ် ၄၀၀၀၀၀၊ ကျပ် ၅၀၀၀၀၀ နှင့် ၅၂၀၀၀၀ အသီးသီးကို အခြေခံတွက်ချက်ထားပြီး နိုင်ငံတော်အစိုးရက ရွေးချယ်မှုအတိုင်း ဆက်လက်ပူးပေါင်း

ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်စေရေး၊ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလများတွင် စပါးလှိုင်လှိုင်ပေါ်ချိန်၌ တောင်သူလယ်သမားများအတွက် အခြေခံဈေးနှုန်းထုတ်ပြန်ကြေညာနိုင်ရေး၊ ဝယ်ယူရေးနှင့် သိုလှောင်ရေးအစီအစဉ်များ ကြိုတင်ပြင်ဆင်ထားရှိရေး၊ ငွေကြေးနှင့်ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ ကြိုတင်ပြင်ဆင်ထားရေး၊ ခရိုင်/မြို့နယ်တို့တွင် ဖွဲ့စည်းထားသော ဆန်/စပါး ဝယ်ယူရေးဆိုင်ရာအဖွဲ့များနှင့် ပေါင်းစပ် ညှိနှိုင်းရေး ကိစ္စအပါအဝင် ပြည်ပတင်ပို့မှုတိုးမြှင့်ရေးကိစ္စ၊ ပြည်ပသို့ အချိန်ကာလသတ်မှတ်ချက်၊ ပမာဏသတ်မှတ်ချက်တို့ဖြင့် စပါးတင်ပို့ရေးကိစ္စအစရှိသော ဆန်စပါးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးချမှတ်ထားကြောင်းသိရသည်။ ထို့ပြင် ဆန်စက်လုပ်ငန်းရှင်များနှင့်ကုန်သည်များ၊ Exporter များ၏ ဝယ်လိုအားနှင့် ဝယ်နိုင်အားကို မြှင့်တင်မည့်အစီအစဉ်များကိုလည်းကောင်း၊ အခြောက်ခံစက်နှင့် အသေးစားသိုလှောင်ရုံများကို ကျေးရွာများတွင် တည်ဆောက်မည့်အစီအစဉ်များကိုလည်းကောင်း၊ ဆက်လက်၍ လာမည့်စက်တင်ဘာ ၂၄ရက်တွင် တာဝန်ရှိသူများ ဆွေးနွေးပြီး ထပ်မံအသိပေးထုတ်ပြန်မည်ဖြစ်ကြောင်းသိရသည်။

လက်ရှိစပါးအခြေခံဈေးနှုန်းနှင့်ပတ်သက်၍ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းရရှိရေးနှင့် စပါးအတိုင်း ပြည်ပတင်ပို့ခွင့်ပေးရေးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသို့ စာတင်ထားကြောင်း လွတ်လပ်သောတောင်သူလယ်သမားများအသင်းဥက္ကဋ္ဌ ဦးသိန်းအောင်ကပြောသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးဝန်ကြီးနဲ့လည်း တွေ့ပြီးပါပြီ။ တောင်သူတွေ စပါးဈေးကျဆင်းလို့ အခက်အခဲဖြစ်နေတာတွေကိုပါ။ နောက်ပြီး စီးပွားကူးသန်းဝန်ကြီးနဲ့လည်း တွေ့ဖို့လုပ်ထားတယ်။ ကိုယ်ကထုတ်လုပ်တဲ့ ကုန်ကဈေးကွက်မရှိပဲဖြစ်နေတော့ တောင်သူတွေ ဒုက္ခရောက်နေရပါပြီ။ ထုတ်လုပ်တဲ့ကုန်ကျစရိတ်နဲ့မကိုက်တဲ့ လက်ငင်းတာဝန်ယူမှု၊ တာဝန်ခံမှုမရှိပဲဖြစ်နေပါပြီဟု ပြောသည်။ အခြေခံစပါးဈေးနှုန်းသတ်မှတ်စက တောင်သူလယ်သမားများအတွက် အသက်ရှုချောင်ခဲ့သည်ဟုဆိုနိုင်သော်လည်း နောက်ပိုင်းအခြေခံဈေးနှုန်း ကျပ်ငါးသိန်းအောက်သို့ ကျဆင်းသွားချိန်တွင် တောင်သူလယ်သမားများအတွက် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရ ခြင်းကြောင့် အချို့ဒေသများတွင် တောင်သူလယ်သမားများ၏ ဆန္ဒထုတ်ဖော်မှုများရှိခဲ့သည်။

**Source:** https://www.facebook.com/amiamyanmar/posts/2454571761294972?__tn__=K-R

## မြန်မာနိုင်ငံ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်၊ တင်သွင်း ဖြန့် ဖြူးရောင်းချသူများအသင်း ဖွဲ့စည်းနိုင်ရေးဆွေးနွေး

မြန်မာနိုင်ငံလယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်၊ တင်သွင်း ဖြန့်ဖြူးရောင်းချသူများအသင်း ဖွဲ့စည်းနိုင်ရေးအတွက် ဆွေးနွေးမှုများပြုလုပ်နေကြောင်း စားသုံးသူရေးရာဦးစီးဌာနမှသိရသည်။ ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုက အသင်းဖွဲ့စည်းရေးနဲ့ကြီးကြပ်မှုကော်မတီကို စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းက ဦးဆောင်ဖို့ ဆုံးဖြတ်ထားတယ်ဟုပြောသည်။ လက်ရှိတွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အလိုက် အသိပညာပေးမှုများ ဆောင်ရွက်နေပြီး၊ အသင်းဖွဲ့စည်းပြီးပါက လယ်ယာသုံးစက်ကိရိယာများနှင့်စပ်လျဉ်း၍ တောင်သူများအကြားဖြစ်ပေါ်နေသည့် ပြဿနာများအား ပြေလည်အောင်ဖြေရှင်းပေးနိုင်မည်ဖြစ်ကာ လုပ်ငန်းရှင်များဘက်မှလည်း တာဝန်ယူမှု၊ တာဝန်ခံမှုများရရှိလာစေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းသိရသည်။

စားသုံးသူရေးရာဦးစီးဌာန မကွေးတိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းမြင့်က တိုင်းဒေဒကြီးတွေကနေ ကိုယ်စားပြုအသင်းသား အမည်စာရင်း အနည်းဆုံးငါးဦး အဆိုပြုတင်သွင်းပေးရမှာဖြစ်တယ်။ လယ်ယာစိုက်ပျိုးရေးနိုင်ငံတစ်ခုအတွက် ထုတ်လုပ်၊ တင်သွင်းသူတွေ စုပေါင်းအသင်းဖွဲ့တွေကနေ ဒီကဏ္ဍအတွက် လိုအပ်တာတွေ လုပ်ပေးနိုင်တာပေါ့ဟု ပြောသည်။ အဆိုပါအသင်းတွင် မကွေးတိုင်းဒေသကြီးရှိ ကိုယ်စားပြုအသင်းကိုယ်စားလှယ်များ ရွေးချယ်နိုင်ရေးနှင့်အသင်းသားအဆိုပြုလွှာများကို ဆောင်ရွက်ထားပြီး လက်ရှိတွင် (၇) ဦးကို ရွေးချယ်ထားကြောင်းသိရသည်။

မြန်မာနိုင်ငံ လယ်ယာသုံးစက်ကိရိယာများ တင်သွင်း၊ ထုတ်လုပ်ဖြန့်ဖြူးသူများအသင်းကိုဖွဲ့စည်းရန် အကြို ညှိနှိုင်းခြင်းကို ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဩဂုတ်လ ၂၆ ရက်က ပြုလုပ်ခဲ့ကြောင်းသိရသည်။ လက်ရှိတွင် လယ်ယာသုံးစက်ကိရိယာများကို တောင်သူများ တွင်ကျယ်စွာအသုံးပြုလာနိုင်စေရန်အတွက် အစိုးရအပါအဝင် ကုမ္ပဏီများမှ နှစ်လတ်၊ နှစ်ရှည်အရစ်ကျပုံစံများဖြင့် ရောင်းချပေးလျက်ရှိသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2454843641267784?__tn__=K-R

## မတ္တရာ၊ ရွှေဘိုဒေသများမှဆန်များ မန္တလေးဈေးကွက်မဝင်ပဲ ရန်ကုန်သို့တိုက်ရိုက်တင်ပို့ လာ

ပြည်ပဈေးကွက်များသို့ အဓိကတင်ပို့နေသော ဆန်ကြမ်းအမျိုးအစားများ မန္တလေးဈေးကွက်မှရွှေ့ပြောင်းကာ ရန်ကုန်ဈေးကွက်သို့ ပြောင်းလဲတင်ပို့နေမှုမှာ တစ်လခန့်ရှိနေပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဆန်စပါးကုန်သည်များအသင်း အတွင်းရေးမှူး ဦးစိုင်းကျော်ကပြောသည်။ ယခင်က မြန်မာနိုင်ငံအောက်ပိုင်းနှင့် မတ္တရာ၊ ရွှေဘိုဒေသများမှ ထွက်ရှိသည့် ဆန်ကြမ်းများကို မန္တလေးဆန်ကုန်သည်များမှတစ်ဆင့် တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှတင်ပို့ခဲ့ပြီး လက်ရှိတွင် တရုတ်နိုင်ငံမှ ဆန်ဝယ်ယူမှုမရှိသည့်အတွက် ရန်ကုန်ဈေးကွက်သို့ပြောင်းလဲတင်ပို့နေခြင်းဖြစ်ကြောင်းသိရသည်။ ရန်ကုန်ဈေးကွက်က ပိုအဆင်ပြေလို့ဖြစ်မယ်။ အရင်ကတော့ မူဆယ်နယ်စပ်ကနေ တင်ပို့တုန်းက လမ်းကြောင်းကောင်းတယ်။ ဈေးကောင်းတယ်၊ ကောင်းတုန်းက ဒီကိုဝင်တဲ့ ဆန်တွေက ခုမဝင်တော့ဘူးဟု ဦးစိုင်းကျော်ကပြောသည်။

တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ဆန်တင်ပို့မှုမှာ ၂၀၀၉ ခုနှစ်ခန့်တည်းက စတင်ခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံမှ အဖမ်းအဆီးများမပြုလုပ်ခင် နောက်ဆုံးကာလများက မြန်မာနိုင်ငံအောက်ပိုင်းမှ စပါးပေါ်သည့် ရာသီတွင် နေ့စဉ် ဆန်အိတ်ရေ (၁)သိန်းကျော်နှင့် မတ္တရာ၊ ရွှေဘိုဒေသများမှ နေ့စဉ် ဆန်အိတ်ရေ (၃) သောင်း ဝန်းကျင် မန္တလေးဈေးကွက်သို့ ဝင်ရောက်ကြောင်း ဦးစိုင်းကျော်ကဆိုသည်။

မူဆယ်နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းများမှ ဆန်တင်ပို့မှုများကို တရုတ်နိုင်ငံက အဖမ်းအဆီးပြုလုပ်နေသည်မှာ (၁၀) လကျော်ကြာမြင့်နေပြီးဖြစ်ပြီး ဆန်ဈေးနှုန်းများသာမက စပါးဈေးနှုန်းမှာလည်း အခြေခံဈေးနှုန်းသတ်မှတ်ချက် အောက်သို့ ကျဆင်းမှုများလည်းရှိခဲ့သည်။ လက်တလောတွင် ကုန်စည်ဖလှယ်သည့်စနစ် (The Barter System) ဖြင့် တင်ပို့ရန် စာချုပ်ချုပ်ဆိုထားမှုမှာ ဆန်တန်ချိန် ၂ သိန်းကျော်ရှိကြောင်းသိရသည်။ ထို့အပြင် တရုတ်နိုင်ငံအစိုးရက ပါမစ်ဖြင့် တင်သွင်းခွင့်ပြုသည့်အတွက် မူဆယ်နယ်စပ်မှတစ်ဆင့် ဆန်အနည်းငယ်တင်ပို့မှုများလည်းရှိနေသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2456542364431245?__tn__=K-R

## စက်ပစ္စည်းများနှင့်လျှပ်စစ်ထုတ်ကုန်များကိုပူးပေါင်း၍ တင်သွင်း၊ တင်ပို့ ရန် မြန်မာ-တရုတ် လက်မှတ်ရေးထိုး



စက်ပစ္စည်းများနှင့် လျှပ်စစ်ထုတ်ကုန်များ တင်သွင်း၊ တင်ပို့ရာတွင် ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးအသင်း ချုပ် (CCCME)တို့ စက်တင်ဘာ ၂၂ ရက်က စာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။ လက်မှတ်ရေးထိုးသည့် အစီအစဉ်ကို တရုတ်-မြန်မာ နှစ်နိုင်ငံပူးပေါင်း၍ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် စီမံကိန်းများချိတ်ဆက်မှု အခမ်းအနားတွင်ပြုလုပ်ခဲ့ပြီး မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း တွေ့ဆုံဆွေးနွေးသည့် အစီအစဉ်ပါဝင်ခဲ့သည်။ ဆွေးနွေး ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုကို လက်တွေ့ကျကျမြှင့်တင်ရန် ရည်ရွယ်သည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။ ထွေထွေထူးထူးတော့မဟုတ်ဘူး။ တရုတ်ဘက်ကလာလုပ်တာဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောသည်။

အဆိုပါဆွေးနွေးပွဲသို့ တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာချန် ဟိုင်၊ တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြင်ပရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် မစ္စတာဝမ်ရှမ်းဝမ်နှင့် ယူနန်ခရိုင် ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ ကျောက်ဆူဖမ်တို့လာရောက်ခဲ့သည်။ မြန်မာအစိုးရဘက်က ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေး မှူးချုပ် ဦးသန့်စင်လွင်၊ ပဲခူးတိုင်းစီမံဘဏ္ဍာဝန်ကြီး ဦးညွန့်ရွှေနှင့် UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့ တက်ရောက်ခဲ့သည်။

**Source:** https://7daydaily.com/story/166918

## မတ်ပဲနှင့်ပဲစင်းငုံ အမြင့်ဈေးဖြင့်တည်ငြိမ်

အိန္ဒိယ၏ ဝယ်လိုအားအပေါ် မှီခိုနေသော မတ်ပဲနှင့်ပဲစင်းငုံဈေးသည် ယခုရက်ပိုင်းတွင် အမြင့်ဈေး၌ အနည်းငယ်တည်ငြိမ်နေသည်ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ အိန္ဒိယအစိုးရက ချထားပေးသည့် ပဲတင်သွင်းခွင့် ကိုတာကို အောက်တိုဘာလကုန် အပြီးတင်သွင်းရန် စီစဉ်ထားသော်လည်း အိန္ဒိယကုန်သည်များက အဝယ်ထိန်းထားသဖြင့် ပြည်တွင်းပဲဈေး အနည်းငယ်ငြိမ်နေသည်ဟုဆိုသည်။ သူတို့အဝယ်ရှိရင် ဈေးနည်းနည်းပြန်လိုက်တယ်။ အဝယ်မရှိရင် ငြိမ်နေတယ်ဟု ဦးမင်းကိုဦးကပြောသည်။ လက်ရှိ ပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေးသည် တစ်တန်လျှင် ကျပ်ခုနစ်သိန်းခုနစ်သောင်းခွဲ၊ ပဲစင်းငုံဈေးနှုန်း တစ်တန်လျှင် ကျပ်ရှစ်သိန်းလေးသောင်းဈေးရှိသည်။ စက်တင်ဘာလဆန်းနှင့်နှိုင်းယှဉ်ပါက မတ်ပဲတစ်တန်လျှင် ကျပ်ငါးသောင်းခန့်နှင့် ပဲစင်းငုံတစ်တန်လျှင် ကျပ်သုံးသောင်းကျော် ဈေးတက်လာသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ မိုးရာသီစိုက်ပျိုးသည့်ပဲများ စတင်ပေါ်ထွက်ချိန်ဖြစ်သော်လည်း ရာသီဥတုဖောက်ပြန်ပြီး အထွက်နှုန်းအားမကောင်းနိုင်ကြောင်း မြန်မာနိုင်ငံမှ ပဲကုန်သည်များကခန့်မှန်းသည်။ ရောဝတီနှင့် ပဲခူးတိုင်းဒေသအချို့တွင် ဆောင်းရာသီ၌ စိုက်ပျိုးသော မတ်ပဲ၏ အဓိကဈေးကွက်သည် အိန္ဒိယနိုင်ငံဖြစ်နေပြီး ပါကစ္စတန်နှင့်ဘင်္ဂလားဒေ့ရှ်သို့လည်း တင်ပို့သည်။ သို့သော် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးသီးနှံအဖြစ် စိုက်ပျိုးသော ပဲစင်းငုံ၏ အဓိကဈေးကွက်သည် အိန္ဒိယနိုင်ငံဖြစ်သည်။ လယ်ယာကဏ္ဍတွင် စပါးပြီးလျှင် ပဲမျိုးစုံသည် လယ်သမားများအတွက် အရေးပါသောသီးနှံဖြစ်ပြီး ယခုဘဏ္ဍာနှစ်၌ ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ ဒေါ်လာ သန်း ၉၀၀ ကျော် ရရှိထားသည်။ ထို့ကြောင့် အိန္ဒိယသို့ အစိုးရချင်းသဘောတူညီမှုဖြင့် ပဲရောင်းချရန်အစီအစဉ်ကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး ဆွေးနွေးနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။

အိန္ဒိယအစိုးရက ၂၀၁၈-၁၉ ဘဏ္ဍာနှစ်အတွက် မတ်ပဲနှင့်ပဲတီစိမ်း တန်ချိန်တစ်သိန်းခွဲစီနှင့် ပဲစင်းငုံတန်ချိန်လေးသိန်း ပြည်ပမှတင်သွင်းမည်ဟု တရားဝင်ကြေညာထားသည်။ ပဲစင်းငုံ လိုအပ်ချက်များခြင်းကြောင့် မူလတန်ချိန် နှစ်သိန်းသွင်းရန်ကြေညာပြီးမှနောက်ထပ်တန်ချိန် နှစ်သိန်းထပ်မံတိုးမြှင့်ခြင်းဖြစ်သည်။

**Source:** https://7daydaily.com/story/166919

## အော်ဂဲနစ်သီးနှံအဖြစ် အသိအမှတ်ပြုလက်မှတ်တရားဝင်ထုတ်ပေးမည်




မြန်မာနိုင်ငံ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အော်ဂဲနစ်သီးနှံဖြစ်ကြောင်း သက်သေခံလက်မှတ်ကို ယခုနှစ်အတွင်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီဆိုင်ရာသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေကပြောသည်။ လပိုင်းအတွင်းမှာဆောင်ရွက်မှာပါ ကျွန်တော်တို့ အော်ဂဲနစ်လက်မှတ် ထုတ်ပေးလို့ရှိရင် ကိုက်ညီရမယ့် စည်းမျဉ်းစည်းကမ်းတွေကို လပိုင်း အတွင်းမှာ ကြေငြာပါတော့မယ် ကျွန်တော်တို့ သီးနှံတစ်ခုချင်း တစ်ခုချင်းသွားမှာဖြစ်ပါတယ်ဟု ဦးမြင့်ဆွေကပြောသည်။

စက်တင်ဘာလ ၂၃ ရက်နေ့မှာ နေပြည်တော်ကောင်စီဝင်းအတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာနတွင်ကျင်းပသည့် စားသုံးမှုစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချ သူများအစုအဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားအပြီးတွင် သတင်းထောက်များကိုပြောသည်။ ရေးဆွဲထုတ်ပြန်မည့် အော်ဂဲနစ်သီးနှံအတွက်စံချိန်စံညွှန်များသည်အာဆီယံဒေသတွင်းနိုင်ငံများနှင့် ချိန်ညှိရေးဆွဲထားခြင်းဖြစ်ကာ နှစ်ဆန်းပိုင်းက ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်းဦးမြင့်ဆွေကပြောသည်။ ၎င်းက ကျွန်တော်တို့ရဲ့ဒီအော်ဂဲနစ်စံချိန်စံညွှန်များသည် အာဆီယံအော်ဂဲနစ် စံချိန်စံညွှန်းများဖြစ်ပါတယ် အာဆီယံနိုင်ငံ ၁၀ နိုင်ငံလုံးနှင့်ကိုက်ညှိပြီးတော့မှ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အခြားသောအာဆီယံနိုင်ငံများကိုစံနမူနာရယူကာ မြန်မာ့ရေမြေသဘာဝရာသီဥတုနှင့် ကိုက်ညီအောင်ရေးဆွဲထားတာဖြစ်ပါတယ်ဟုပြောသည်။

မြန်မာနိုင်ငံတွင်အော်ဂဲသီးနှံဖြစ်ကြောင်း လက်မှတ်ထုတ်ပေးသည့် တတိယအဖွဲ့အစည်းများရှိကြောင်းနှင့် အစိုးရဝန်ကြီးဌာနအနေဖြင့် ထုတ်ပေးခြင်းမရှိပဲယခုထုတ်ပေးမည့်လက်မှတ်သည် အစိုးရအသိအမှတ်ပြု လက်မှတ်ဖြစ်လာမည်ဟုသိရသည်။ လက်ရှိအချိန်တွင် စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနှင့် စားသုံးကုန်များတွင် ဘေးအန္တရာယ်ကင်းရှင်း

စေရန် ခါတ်ကြွင်းများမကျန်ရှိစေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများရရှိရေး သင်တန်းများပို့ချလျက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/128753.html

## ထိုင်းနှင့်တရုတ်နိုင်ငံတို့မှ တင်သွင်းနေသည့်မှိုများအား နိုင်ငံအတွင်းစိုက်ပျိုးရန်အတွက် နည်းပညာအကူအညီပေးနိုင်




ဝယ်လိုအားရှိပါက ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ တင်သွင်းနေသည့် မှိုများကို နိုင်ငံအတွင်းစိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာအကူအညီပေးနိုင်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီသီးနှံဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက သတင်းမီဒီယာများကိုပြောဆိုသည်။ စက်တင်ဘာ ၂၃ ရက်က နေပြည်တော်ကောင်စီ စိုက်ပျိုးရေးဦးစီးဌာနတွင် ပြုလုပ်သည့် စားသုံးမှိုစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ (နေပြည်တော်) ဖွဲ့စည်းခြင်း အခမ်းအနားအပြီးတွင် ပြောဆိုခြင်းဖြစ်သည်။ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း အဲဒီဒေသတွေမှာသွားကြည့်မယ်ဆိုရင် ထိုင်းနိုင်ငံက မှိုတွေ နေ့စဉ်ဝင်ရောက်နေတာ တွေ့ရပါမယ်။ မူဆယ်မှာဆိုရင် တရုတ်နိုင်ငံကမှိုတွေ နေ့စဉ်ဝင်ရောက်နေတာတွေ့ရှိရပါတယ်။ အားလုံးကို စိုက်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံ ရေ၊ မြေ၊ ရာသီဥတုနဲ့ ကိုက်ညီနေတာကိုတွေ့ရပါတယ်။ နောက်ပြီး ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီသီးနှံဌာနခွဲအောက်မှာရှိတဲ့ မှိုခြံမှမှိုပညာရှင်တွေက ဒီမှိုများကို ကောင်းကောင်း စိုက်ပျိုးထုတ်လုပ်နိုင်ပြီး နည်းပညာပေးနိုင်တာကို တွေ့ရပါတယ်ဟု ၎င်းကပြောဆိုသည်။ ဈေးကွက်လိုအပ်ချက်အရ စားသုံးသူရှိသဖြင့် နယ်စပ်မှဝင်ရောက်နေခြင်းဖြစ်ပြီး အဆိုပါမှိုများကို အလွယ်တကူဝယ်ယူရရှိနေသည့်အတွက်ကြောင့်လည်း ဝယ်ယူစားသုံးနေခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။

ကော်ဖီရာသီသီးနှံဌာနခွဲအောက်မှ မှိုပညာရှင်များအနေဖြင့် နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့်ပေးနိုင်မည်ဆိုပါက သွင်းကုန်အစားထိုးရန်အတွက်လည်း ဆောင်ရွက်နိုင်မည်ဟုဆိုသည်။ ဒါကြောင့် ကျွန်တော်တို့သွင်းကုန်အစားထိုး လုပ်ငန်းအတွက်ကိုလည်း ထိထိရောက် ရောက် ကူညီပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။ လက်ရှိသင်ကြားပေးနေတာကတော့ မှိုကိုးမျိုးပေါ့။ ပြည်ပကတင်သွင်းတာရှိသလို နိုင်ငံအတွင်းမှာရှိတဲ့မှိုတွေကို တစ်သျှူးနည်းနဲ့ မျိုးပွားထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။ အသင်းအဖွဲ့လိုက်လုပ်လိုက်ရင် အဖွဲ့အစည်းနဲ့ဆောင်ရွက်လို့ တစ်ဦးချင်း၊ တစ်ယောက်ချင်းလုပ်နေ တာထက်စာရင် အသင်းအဖွဲ့ရဲ့အားကိုးရမယ်။ နိုင်ငံခြားဈေးကွက်ကိုလည်း အားကောင်းကောင်းနဲ့ ချိတ်ဆက်နိုင်မှာဖြစ်ပါတယ်ဟု ၎င်းကပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/128791.html

## ကုန်ကျစရိတ်ထက် ဈေးနှုန်းလျော့ကျမှု အချိန်ကြာလာ၍ ကြက်ခြံများ ရပ်နားရဖွယ်ရှိနေ




ကြက်သားဈေးနှုန်းများမှာ မွေးမြူထုတ်လုပ်သည့် ကုန်ကျစရိတ်အောက်သို့ ရောက်ရှိနေသည်မှာ နှစ်လကျော်အထိ ရောက်ရှိလာပြီဖြစ်၍ မန္တလေးတိုင်း အတွင်းရှိ ကြက်မွေးမြူရေးခြံများ ရပ်နားရတော့မည့် အခြေအနေရောက်ရှိ နေကြောင်းသိရသည်။ တိုင်းအတွင်း ကြက်မွေးမြူသည့် အရေအတွက်များပြား ခြင်းနှင့် ဝယ်လိုအားကျဆင်းခြင်းကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်ထက် ရောင်းချ သည့်ဈေးနှုန်း လျော့ကျနေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး)ထံမှသိရသည်။ ကြက်တစ်ပိဿာကောင် အတွက် မွေးမြူရေးကုန်ကျစရိတ်က ကျပ် ၂၉၀၀ ရှိတယ်။ အခုက ခြံဖမ်းဈေးက တစ်ကောင်ကို ကျပ် ၂၅၅၀ ပဲရှိတယ်။ အဲဒီ ဈေးနှုန်းကလည်း နှစ်လကျော်လောက်ရှိနေပြီဆိုတော့ ကြက်မွေးမြူသူတွေ အရှုံးပေါ်နေကြတယ်။ တချို့ခြံတွေဆိုလည်း ရပ်နားရမယ့်အခြေအနေမှာရှိနေတယ်လို့သိရတယ်ဟု အဆိုပါအဖွဲ့ချုပ်အတွင်းရေးမှူး ဒေါက်တာနေသူရိန်ကပြောသည်။ ကြက်သားဈေးနှုန်းများ တစ်လခန့် ဈေးကျဆင်းလျှင် ပြဿနာမရှိသော်လည်း ယခုအခါ နှစ်လခန့်အထိ ဆက်တိုက်ဈေး ကျဆင်းခြင်းကြောင့် အမြတ်မရဘဲ ဆက်တိုက်ဆုံးရှုံးမှုများဖြစ်ပေါ်နေကြောင်း၊ ဈေးကွက်အနေအထားမှာ မြင့်တက်နိုင်မည့် အခြေအနေတွင် မရှိသေးဘဲဝါကျွတ်ကာလအခြေအနေကို စောင့်ကြည့်ရမည်ဖြစ်ကြောင်းသိရသည်။

ကြက်သားဈေးကွက်ကျပေမယ့် တခြားမွေးမြူရေးလုပ်ငန်းတွေနဲ့စာရင်တော့ ကြက်မွေးမြူရတာ အဆင်ပြေတယ်လို့ ပြောရမယ်။ ငါးမွေးမြူတာဆိုရင်လည်းတစ်ပိဿာတစ်ကောင်ကို ကုန်ကျစရိတ်အနေနဲ့ ကျပ်လေးထောင်ကျော်လောက် ရှိမယ်။ စားသုံးမှုကလည်း အတန်အသင့်ပဲရှိတယ်။ ကြက်သားကျတော့ စားသုံးတဲ့အရေအတွက်ကများတယ်။ ထုတ်လုပ်မှု ကုန်ကျစရိတ်နဲ့ ကိုယ့်အတွက် အမြတ်ထည့်တွက်လိုက်ရင် ခြံဖမ်းဈေး ကျပ် ၃၂၀၀ လောက်ဆို အဆင်ပြေတယ်။ အဲဒါကြောင့် အခုလိုဈေးကျနေပေမယ့် ထုတ်လုပ်မှုကတော့လျော့ကျမယ့်အခြေအနေမှာမရှိနိုင်ဘူးဟု ၄င်းကဆက်လက် ပြောသည်။ မွေးမြူရေးလုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားရှားပါးသည့် အခက်အခဲများရှိပြီး လုပ်ငန်းတိုးချဲ့ရာ၌လည်း အခက်အခဲများဖြစ်နေကြောင်းသိရသည်။ မွေးမြူရေးလုပ်ငန်း လုပ်တဲ့အခါမှာ အခြေခံလုပ်သားကောင်းကောင်း ရှာဖို့က မလွယ်ဘူး။ အလုပ်ကိုမြဲအောင်လုပ်တဲ့ အရေအတွက်လည်းနည်းတယ်။ ဒ့ါပြင် ကျွမ်းကျင်လုပ်သားတချို့ကလည်း ပြည်ပနိုင်ငံတွေဆီကိုပဲ အဓိကသွားကျတော့ ပြည်တွင်းလုပ်သားရှားပါးမှုတွေ ဖြစ်နေပါတယ်။ ဒါကြောင့် လုပ်ငန်းသစ် ချဲ့ထွင်ဖို့ အခက်အခဲဖြစ်နေတယ်ဟု မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးကပြောသည်။

**Source:** https://www.facebook.com/thefarmermedia/photos/a.301081060006087/2474500979330740/?type=3&theater

## မြန်မာအော်ဂဲနစ် မွေးမြူရေးလုပ်ငန်းရှင်တစ်ဦး ကုလသမဂ္ဂ၏ဆုရရှိ




တောင်သူလယ်သမားများနှင့်ပူးပေါင်း၍ အော်ဂဲနစ်ကြက်မွေးမြူရေး စနစ် စတင်အကောင်အထည်ဖော်သည့် ရွှေတောင်ညိုကြီး အော်ဂဲနစ် မွေးမြူရေးလုပ်ငန်းကို ပူးတွဲတည်ထောင်သူ ကိုဇော်ရဲနောင်ကို ကုလ သမဂ္ဂက စွန့်ဦးတီထွင်သူအဖြစ် ဆုချီးမြှင့်ခဲ့ကြောင်းသိရသည်။ အော်ဂဲနစ် မွေးမြူရေးလုပ်ငန်းကို ဦးဆောင်ကာ ကျေးလက်နေ ပြည်သူများ ဘဝတိုးတက်စေရေးအတွက် အလုပ်အကိုင်ဖန်တီးနိုင်ခြင်း၊ နေ့စဉ်ဝင်ငွေရရှိစေခြင်း၊ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ကောင်းမွန်သော စီးပွားရေးပုံစံ တီထွင်ဖန်တီးခြင်းစသည့်အချက်များမှာ ကုလသမဂ္ဂ၏စံနှုန်းများဖြင့် ကိုက်ညီသောကြောင့် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးရည်မှန်းချက်ဆိုင်ရာဆုဖြစ်သည့် UN SDG Pioneer 2019 ၂၀၁၉ ချီးမြှင့်ခံရခြင်းဖြစ်သည်။ မြန်မာနိုင်ငံက မွေးမြူရေးလုပ်ကိုင်သူတစ်ဦး ကုလသမဂ္ဂထံ မှ ဆုချီးမြှင့်ခြင်းခံရမှုမှာ ယခုတစ်ကြိမ်သည် ပထမဆုံးဖြစ်သည်။ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့တွင် စက်တင်ဘာ ၂၃ ရက်တွင်ပြုလုပ်မည့် အဆိုပါဆုချီးမြှင့်ပွဲသို့ သွားရောက်ရယူမည်ဖြစ်ကြောင်း ကိုဇော်ရဲနောင်ကပြောသည်။ အခုလို

အသိအမှတ်ပြုခံရတာဟာ ကျွန်တော်ယုံကြည်ထားတဲ့လမ်းကို ကျွန်တော်နဲ့ထပ်တူ ယုံကြည်ချက်အပြည့်နဲ့ အားသွန်ခွန်စိုက် လုပ်ခဲ့တဲ့ လုပ်ဖော်ကိုင်ဖက်လယ်သမားတွေ၊ မွေးမြူရေးသမားတွေရဲ့ကျေးဇူးတရားတွေကြောင့်ရခဲ့တာပါဟု ၄င်းက ပြောသည်။ အဆိုပါဆုကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးနှင့် ရေရှည်အကျိုး အမြတ်ဖြစ်ထွန်းစေရန် တီထွင်ဖန်တီးလုပ်ကိုင်သော ကမ္ဘာ့နိုင်ငံအသီးသီးရှိ စီးပွားရေးလုပ်ငန်းများကို စောင့်ကြည့်လေ့လာကာပေးအပ်ခြင်းဖြစ်ပြီး ယခုနှစ်အတွက် နိုင်ငံပေါင်း ၆၀ ကျော်က UN SDG Pioneer 2019 ရွေးချယ်ခံရသူ ၁၀ ဦးအနက် မြန်မာနိုင်ငံက ကိုဇော်ရဲနောင်မှာ တစ်ဦးအပါအဝင် ဖြစ်သည်။ ရွှေတောင်ညီကြီး အော်ဂဲနစ်မွေးမြူရေးလုပ်ငန်းသည် ရန်ကုန်၊ မန္တလေး၊ ရှမ်းပြည်နယ်ရှိ လယ်သမားများ၊ မွေးမြူရေးလုပ်ကိုင်သူများကို နည်းပညာ၊ အရင်းအနှီးနှင့်ဈေးကွက်ရာဖွေပေးကာ လွတ်ကျောင်းကြက်ဥ (Free Range Egg)၊ လှောင်အိမ်မဲ့ကြက်ဥ (Cage Free Egg) နှင့် ကြက်ချေးဖြင့် စိုက်ပျိုးသော သဘာဝကြက်သွန်ဖြူများထုတ်လုပ်၍ ဈေးဝယ်စင်တာများနှင့် ရန်ကုန်မြို့ရှိဆိုင်များတွင် ရောင်းချလျက်ရှိကြောင်း သိရသည်။ ထို့ပြင် ရွှေတောင်ညီကြီး အော်ဂဲနစ် မွေးမြူရေးလုပ်ငန်းသည် မြန်မာနိုင်ငံ အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်သူများအဖွဲ့၏ အော်ဂဲနစ်စနစ်သို့ ကူးပြောင်းလုပ်ကိုင်ခြင်း ဆိုင်ရာ အသိအမှတ်ပြုလက်မှတ် Conversion to Organic ရရှိထားသည့် ပထမဆုံးမွေးမြူရေးလုပ်ငန်းဖြစ်သည်။

**Source:** https://www.facebook.com/thefarmermedia/photos/a.301081060006087/2474486902665481/?type=3&theater

## စပါးအပြင် အခြားဝင်ငွေရ သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးလာရန်လိုအပ်လာ




စပါးအခြေခံ စိုက်ပျိုးထုတ်လုပ်မှုက ရာသီဥတုနှင့်ကိုက်ညီသော ဝင်ငွေရ သီးနှံပုံစံများသို့ ပြောင်းလဲစိုက်ပျိုးလာရန် လိုအပ်ကြောင်းစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းကပြောသည်။ တောင်သူပညာပေးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် ရာသီဥတုပြောင်းလဲသက်ရောက်လာမှုကို ကြံ့ကြံ့ခံနိုင်သော စိုက်ပျိုးထုတ်လုပ်မှုဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်အဆင့် စိုက်ပျိုးရေးဦးစီးမှူးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဒေါက်တာရဲတင့်ထွန်းက မှာကြားရာတွင် ထည့်သွင်းပြောကြားခြင်းဖြစ်သည်။ ဝင်ငွေရ အခြေခံသီးနှံများဖြစ်သော နှမ်း၊ ပဲတီစိမ်း၊ မတ်ပဲနှင့် ကုလားပဲ တို့သည်ဒေသနှင့် ကိုက်ညီသလို လက်ရှိတွင်လည်း တောင်သူအများစုအတွက် ဈေးကောင်းရသည့် သီးနှံများဖြစ်ခြင်းကြောင့် စပါးသီးနှံအပြင်ပြောင်းလဲစိုက်ပျိုးပါက ပိုမိုအကျိုးဖြစ်ထွန်း စေမည်ဖြစ်ကြောင်း ၄င်းက ဆက်လက်ပြောသည်။

ထို့အပြင် တောင်သူများ လက်ငင်းအကျိုး စီးပွားဖြစ်ထွန်းရေးနှင့် ရေရှည်တည်တံ့သော ဘက်စုံနည်းပညာသုံး စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးလာရေး ဆောင်ရွက်ရန်၊ ရေမြေရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသည့် သီးနှံမျိုးများ ရွေးချယ်ပြီး စမ်းသပ်ကွက်များဆောင်ရွက်ခြင်း၊ ရလဒ်များအရ အကျိုးဖြစ်ထွန်းမှု အလားအလာကောင်းသော သီးနှံမျိုး၊ စိုက်ပျိုးနည်းစနစ်နှင့် သွင်းအားစုအသုံးပြုမှုဆိုင်ရာနည်းပညာများကို တောင်သူများလိုက်နာဆောင်ရွက်လာစေရေး ကြိုးပမ်း ဆောင်ရွက်ရန်လိုအပ်ကြောင်း ၄င်းကပြောသည်။

တောင်သူများက ဘက်စုံအဆင့်မြင့် စိုက်ကွင်းဇရိယာအတွင်း မြေဆီလွှာ ဓာတ်ခွဲစမ်းသပ်၍ စိုက်ပျိုးသည့် သီးနှံအလိုက် ဓာတ်မြေသြဇာလိုအပ်ချက်ကို တွက်ချက်ထောက်ခံထားသည့် ညွှန်ကြားချက်နှင့်အညီ တောင်သူများလိုက်နာကျင့်သုံး စေရေး၊ မျိုးကောင်းမျိုးသန့် သုံးစွဲကြရန်နှင့် သီးနှံပိုးမွှားကာကွယ်ရေးကို ကင်းထောက်မှတ်တမ်းကောက်ယူ၍ ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းရန်၊ သီးနှံအရည်အသွေးမကျဆင်းရန်နှင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းစေရန် ရိတ်သိမ်းချိန်လွန်နည်းပညာ များကို လိုက်နာဆောင်ရွက်လာရန် လိုအပ်လာကြောင်းသိရသည်။

**Source:** https://www.facebook.com/thefarmermedia/photos/a.301081060006087/2474492169331621/?type=3&theater

## ဖရဲသီးတစ်တန်လျှင် ယွမ်ငွေ ၆၀၀ ခန့်အထိ ဈေးလျော့ကျခဲ့



တရုတ်နိုင်ငံသို့တင်ပို့ရောင်းချသည့် ဖရဲသီးများကို လက်ကားစနစ်မှ လက်လီစနစ်သို့ ပြောင်းလဲရောင်းချနေရသောကြောင့် ဖရဲတစ်တန်လျှင် တရုတ်ငွေယွမ် ၁၅၀၀ မှ ယွမ် ၉၀၀ အထိ ဈေးကျဆင်းသွားကြောင်း မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ရှိ ဖရဲကုန်သည်များထံမှသိရသည်။ စက်တင်ဘာလဒုတိယပတ်က တစ်တန်လျှင် ယွမ်ငွေ ၁၅၀၀ အထိ ပေါက်ဈေးရှိခဲ့သော်လည်း စက်တင်ဘာ ၂၂ ရက်တွင် ဖရဲအမျိုးအစားပေါ်မူတည်၍ ယွမ်ငွေ ၅၀၀ မှ ၉၀၀ ဝန်းကျင်အထိသာ ပေါက်ဈေးရှိကြောင်း အဆိုပါ ကုန်သည်များကပြောဆိုသည်။ မူဆယ်ကုန်သွယ်ရေးဇုန်မှာ အရင်က တက်ဟုန်းပြည်နယ်ရဲ့ ဝမ်တိန်ဖရဲကွင်းဆိုတာ ဖရဲကားတွေကို ကားချိန်းတဲ့နေရာပါ။ အခုအချိန်မှာတော့ ကားအစီးလိုက်မရောင်းရဘဲ တစ်တန်လာဝယ်ရင် ထရောင်းလိုက်၊ အလုံး ၃၀၀ လိုချင်ရင်လည်း ရောင်းလိုက်နဲ့ လက်လီအရောင်းစနစ်ဖြစ်နေပါတယ်ဟု မိန်မိန်းသစ်သီးပွဲရုံမှ တာဝန်ရှိသူတစ်ဦးကပြောဆိုသည်။ လက်ရှိတွင် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်သို့ တစ်ရက်လျှင် ဖရဲကားအစီးရေ ၁၀ စီးဝန်းကျင် ပုံမှန်ဝင်ရောက်ပြီး အချို့ရက်များတွင် အစီး ၂၀ ခန့်အထိဝင်ရောက်သော် လည်း အရည်အသွေးကောင်းသည့်အသီးမှာ ကားစီးရေထက်ဝက်ပင်မရှိကြောင်း ၎င်းကပြောဆိုသည်။

ထို့အပြင် မူဆယ် ၁၀၅ မိုင်သို့ရောက်ရှိလာသည့်ဖရဲသီးများကို ရက်ကြာကြာရောင်းချနေရပြီး ဖရဲသီးဈေးကွက်အခြေအနေ အရ နယ်စပ်မှတစ်ဆင့် ဖရဲတင်ပို့ရောင်းချမည့် တောင်သူများ၊ ကုန်သည်များအနေဖြင့် ဖရဲ ၁၆ တန်ကားတစ်စီးလျှင် ဖရဲသီးဝယ်စရိတ်၊ အလုပ်သမားစရိတ်၊ ကားခ၊ ဂျူတီ၊ လုပ်သားခနှင့်ပွဲခများ ထည့်သွင်းတွက်ချက်ပါက အရှုံး ပေါ်နိုင်ခြေရှိကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/128803.html

## ဆိပ်ဖြူမြို့နယ်၌ ဆောင်းကြက်သွန်နီဥ စိုက်ပျိုးချိန်နီးသော်လည်း ကြက်သွန်နီမျိုးအရောင်းအဝယ်ပါးနေ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်သည် ကြက်သွန်နီကို အဓိကစိုက်ပျိုးထုတ်လုပ်သော ဒေသတစ်ခုဖြစ်ပြီး ဆောင်းဦး ကြက်သွန်နီစိုက်ပျိုးချိန် နီးနေသော်လည်း စိုက်ပျိုးရန်ကြက်သွန်နီမျိုး အဝယ်ပါးနေကြောင်းသိရသည်။ ဆိပ်ဖြူမြို့နယ်တွင် နှစ်စဉ်မိုးလွန်ကာလဖြစ်သည့် သီတင်းကျွတ်လဆန်းပိုင်းတွင် ဆောင်းသီးနှံများ ဖြစ်သည့် ပဲမျိုးစုံနှင့် ကြက်သွန်နီဥကို စိုက်ပျိုး လျက်ရှိပြီး ယခုနှစ်တွင် ကြက်သွန်နီဥ စိုက်မျိုးကြမ်းကျွံ တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၊ ဇော်မွှားတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ကျပ်၊ မျိုးစေ့တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀၀ ကျပ် ဈေးနှုန်းများဖြင့် အရောင်းအဝယ်ပြုလုပ်နေသော်လည်း ကြက်သွန် စိုက်ပျိုးမှုအတွက် အရောင်းအဝယ်ပါးနေသေးကြောင်း ကြက်သွန်ကုန်စည်ဒိုင်များထံမှသိရသည်။ ကြက်သွန်ဈေးကွက်က ဆိပ်ဖြူကြက်သွန်ကုန်စည်ဒိုင်တွင် ကြက်သွန်နီဂျန်ထိပ်စ တစ်ပိဿာလျှင် ငွေကျပ် ၈၃၀ ကျပ် နှုန်းဖြင့် အရောင်းအဝယ် ပြုလုပ်ပြီး နယ်ဈေးတွင် ငွေကျပ် ၇၀၀ ကျပ်ဈေးရှိကြောင်း၊ စိုက်ပျိုးစရိတ် ကြက်သွန်အလျော့တွက်များဖြင့် ကြက်သွန်နီဂျန် ထိပ်စတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ကျပ် ဈေးနှုန်းရမှသာလျှင် စိုက်ပျိုး ထုတ်လုပ်သူများအတွက် အဆင်ပြေနိုင်မည်ဖြစ်ကာ သီတင်းကျွတ်ရာသီကာလတွင် ယင်းဈေးနှုန်းရရှိနိုင်ဖွယ်ရှိကြောင်း တောင်သူများနှင့် ကြက်သွန်နီကုန်သည်အချို့က ခန့်မှန်း ပြောကြားကြသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2022967267943771

## ဆိုင်နှင့်နေအိမ်၌ အလှဆင်ရန်နှင့် တရုတ်နိုင်ငံသို့ တင်ပို့ရန်ဇန်းမော်ခရိုင်၌ နွားလှည်းဘီးဟောင်းများ အရောင်းအဝယ်ကောင်းနေ



ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်းရှိ တောင်သူများအသုံးပြုပြီးသည့် နွားလှည်းဘီးများကို ဆိုင်နှင့်နေအိမ်များ၌ အလှဆင်အသုံးပြုရန်အပြင် တရုတ်နိုင်ငံသို့တင်ပို့ရန်အတွက် ဝယ်ယူမှုများရှိနေသည့်အတွက် အရောင်းအဝယ် စျေးကွက်ကောင်းလျက်ရှိကြောင်းသိရသည်။ အဆိုပါနွားလှည်းဘီးအဟောင်းများကို ဗန်းမော်မြို့ပေါ်မှ မိုးမောက်မြို့နယ်ရှိ ကျေးရွာများသို့ မော်တော်ယာဉ်ဖြင့်သွားရောက်ဝယ်ယူလျက်ရှိကြပြီး နွားလှည်းဘီးအဟောင်း တစ်စုံလျှင် ကျပ် ၂၀၀၀၀ မှ ကျပ် ၅၀၀၀၀အ ထိ စျေးပေးကာ ဝယ်ယူလျက်ရှိသည်။ ကျွန်မတို့က အခုကုန်းနှောဘက်က ဝယ်လာတာ၊ အများဆုံးဝယ်ယူတာကတော့ ကုန်းနှောကျေးရွာတစ်ဝိုက် မိုးမောက်မြို့နယ်ဘက်က ဗန်းမော်ကလာဝယ်တဲ့သူတွေလည်းရှိတယ်၊ တရုတ်ပြည်လည်းပို့တယ်၊ ဆိုင်တို့ အိမ်တို့မှာ အလှဆင်ကြတယ်လေ၊ ကျွန်မတို့က မန္တလေးအထိပဲတာဝန်ယူပို့တယ်၊ မန္တလေးကနေ တရုတ်ပြည်ကိုတော့ တခြားတစ်ဦးက ပို့ပေးတာ၊ လွယ်ဂျယ်ဘက်ကနေတော့ တရုတ်ပြည်မပို့ဘူးဟု နွားလှည်းဘီး အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ မမျိုးမျိုးက ဒီမိုကရေစီတူဒေးသို့ပြောသည်။

ဗန်းမော်မြို့ပေါ် ဆိုင်နှင့်အိမ်အလှဆင်မည့်သူများအပြင် မန္တလေးမြို့မှတစ်ဆင့် တရုတ်ပြည်အထိ ပို့ဆောင်ရောင်းချ လျက်ရှိသော်လည်း နွားလှည်းဘီးများကို လွယ်ဂျယ်ဘက်မှ တရုတ်ပြည်သို့ မပို့ဆောင်ဘဲ မန္တလေးမြို့မှတစ်ဆင့် ပို့ဆောင်ရောင်းချလျက်ရှိကြောင်းသိရသည်။

**Source:** https://dailydemocracytoday.com/regional-news/465

## ပြည်ပကို သီဟိုဠ်စေ့တင်ပို့မှု မြင့်တက်လာ



ပြည်ပကို သီဟိုဠ်စေ့ တင်ပို့မှုမြင့်တက်လာပြီး သီဟိုဠ်စေ့ဝယ်ယူနေတဲ့ နိုင်ငံအများစု နှစ်စဉ်အဝယ်လိုက်လာကြောင်းသိရတယ်။ အရင်နှစ်တွေတုန်းကဆိုရင် ပြည်ပက ဝယ်လိုက် ၊ မဝယ်လိုက်နဲ့ စျေးကွက်မငြိမ်ဘူးပေါ့၊ ဒီနှစ်တော့ စျေးကွက်မပျက် ဝယ်နေကြတယ်၊ သီဟိုဠ်လှိုင်လှိုင်ပေါ်တဲ့ မိုးမကျခင် ဧပြီလောက်ကတော့ ပြည်ပကို ပို့ တာများတယ်၊ သီဟိုဠ်စေ့က မိုးမိပြီဆိုရင် မည်းသွားတာဖြစ်လို့ စနစ်တကျ ခူးဆွတ်တာနဲ့ ထုပ်ပိုး တာလုပ်ရတယ်၊ နိုင်ငံတကာစျေးကွက်မှာလဲ စားသုံးမှုများ လာတဲ့သီးနှံတစ်မျိုးဖြစ်လာတယ်၊ စျေးကွက်လဲရှိပြီးသား ဖြစ်ပေမဲ့ လိုချင်သလောက်မတင်ပို့ နိုင်တာလဲရှိတယ်၊ နောက်ပြီး နှစ်ရှည်ပင်လဲ ဖြစ်တော့ တိုးချဲ့စိုက်မယ်ဆိုရင် စျေး ကွက်အလားအလာကောင်းတွေ ရှိနေပါတယ်၊ နှစ်အလိုက် ပြည်ပတင်ပို့မှုထဲမှာ ဗီယက်နမ်ကလဲ အဝယ်လိုက်လာတယ်၊ သီရိလင်္ကာ၊ နယူးဇီလန်၊ အင်ဒိုနီးရှားနဲ့ ဆလိုဗက်ကီးယားနိုင်ငံတွေကတော့ စျေး ကွက် လိုအပ်ချက်ရှိရင်ရှိသလို ပို့ဖြစ်ကြတယ်လို့ စီးပွားရေးနှင့် ကူးသန်း ရောင်း ဝယ်ရေးဌာနက ဦးမြင့်စိုးပြောပါတယ်။

မြန်မာ့သီဟိုဠ်ကို ဗီယက်နမ်၊ တရုတ်၊ စင်ကာပူ၊ ထိုင်း၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ မလေးရှား၊ လာအို၊ ဂျပန်နဲ့ အိန္ဒိယကို စျေးကွက်မပျက်တင်ပို့နေပြီး ယခင်က တစ်လကို တန်ချိန် ၅၀၀ ကျော် တင်ပို့ရာမှ လက်ရှိ မှာ တန်ချိန် ၈၀၀ ကျော် တင်ပို့လာကြောင်းသိရတယ်။ ဒိုင်တွေမှာတော့ သီဟိုဠ်ကို ကီလိုနဲ့ဝယ် တယ်၊ ထိုင်း လုပ်ငန်းရှင်တွေလာဝယ်သလို နယ်စပ်ကုန်သွယ်မှုကလဲပို့တယ်၊ စျေးကလဲ အစားစားရှိတော့ အညံ့စားကနေ အကောင်းဆုံးအထိ စျေးအမျိုးမျိုးရှိတယ်၊ ဒီဘက်မှာလဲ ခြံပိုင်ရှင်တွေစုပြီးတော့ စျေးကွက်ချိတ်ဆက် ဆောင်ရွက် ကြတယ်လို့ ဦးမြင့်စိုးက ပြောတယ်။

**Source:** https://www.kumudranews.com/news-35251?fbclid=IwAR3iJFWpFMB0j qE5zJ1G828nBnDG_98OmEs 24KCb_iIL4pSG78lqjDpMWMk

## ကမ္ဘလာသီးများ ဈေးကောင်းရ



ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာအုပ်စု နောင်ဒွေးနှင့်တာလုံကျေးရွာတို့မှ ထွက်ရှိလာသော ပေါ်ဦးပေါ်ဖျား ကမ္ဘလာသီးများ ဈေးကောင်းရရှိကြောင်း ကမ္ဘလာသီးစိုက်ပျိုးသူများထံမှသိရသည်။ ကျွန်တော်တို့ ကမ္ဘလာသီးတွေကတော့ နမ့်ပေါင်ကျေးရွာအုပ်စုက ထွက်ပါတယ်။ ဒီနှစ်တော့ အရင်နှစ်ကထက် တစ်ပိဿာကို ငွေကျပ် ၅၀ မှ ၁၀၀ အထိဈေးပိုရတယ်။ ကျွန်တော်တို့ပွဲရုံမှာလက်ရှိအလုံးအကြီး အသေးပေါ်မူတည်ပြီး တစ်ပိဿာကို ငွေကျပ် ၇၅၀ မှ ၁၀၀၀ အထိ ဖြစ်ပါတယ်ဟု သစ်သီးဝလံရောင်းချသူတစ်ဦးကပြောသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) အနေဖြင့် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်သီးနှံများဖြစ်သည့် ကမ္ဘလာသီး၊ လိမ္မော်သီး၊ လိုက်ချီး၊ နာနတ်အစရှိသည်တို့ကို စီးပွားဖြစ်စိုက်ပျိုးကြပြီး သီးနှံများထွက်ရှိချိန်တွင် စိုက်ပျိုးသူများအနေဖြင့် ဝင်ငွေများရရှိသော်လည်း စိုက်ပျိုးသူများ ပိုမိုအကျိုးအမြတ်ရရှိစေရန်အတွက် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိပါ ရောင်းချနိုင်ရန်လိုအပ်ကြောင်းသိရသည်။

**Source: Myawady**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2358-orange-fruit-market.html

## နှမ်းနက်အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်



တောင်သူများအတွက် နှမ်းနက်အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးသွားမှာဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှသိရပါတယ်။ နှမ်းနက်အရည်အသွေးကောင်းမျိုးတွေကို မျိုးသန့်ပြန့်ပွားပြီး တောင်သူတွေလက်ထဲ ဖြန့်ဖြူးပေးသွားမှာဖြစ်ကြောင်း စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ လက်ထောက်သုနေသန အရာရှိ ဒေါ်ခင်မျိုးဝင်းက ပြောပါတယ်။ ဂျပန်(Jica)နဲ့ ပူးပေါင်းပြီးတော့ ဂျပန်ဈေးကွက်မှာကြိုက်တဲ့မျိုးကို မော်လီကျူလာနည်းပညာနဲ့ ပေါင်းပြီးတော့ သုတေသနလုပ်သွားမယ်။ မျိုးသန့်ပြန့်ပွားသွားမယ်။ တောင်သူတွေလက်ထဲကို ဖြန့်ပေးသွားမယ်။

အဆိုပါ နှမ်းနက်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနဲ့ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့မှ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း အဆိုပါဌာနမှသိရပါတယ်။ နှမ်းနက်(၁၈)မျိုးရဲ့ အရည်အချင်းလက္ခဏာများကို သိရှိစေနိုင်ရန်အတွက်လည်း မော်လီကျူလာနည်းပညာနဲ့စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှသိရပါတယ်။

**Source:**https://greenwaymyanmar.com/posts/distribute_good_quality_seeds_of_black_
sesame?fbclid=IwAR1Pg3ChvKmRPh3TjbD98liXYnSXwJK1pJAu6PT6VdRRwIPdYFASItdh1p8

## ချောင်းဆုံမြို့နယ်ရှိ လက်မှုလုပ်ငန်းများသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်ဝယ်ယူမှု မရှိသလောက်နည်းပါး



ချောင်းဆုံမြို့နယ်၌ ထုတ်လုပ်သည့် လက်မှုပစ္စည်းများကို တွေ့ရစဉ်။
ဓာတ်ပုံ –ZMT

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိလက်မှုလုပ်ငန်းများသို့ ယခုရက်ပိုင်းအတွင်း ကမ္ဘာလှည့်ခရီးသွားများလာရောက်ဝယ်ယူမှု မရှိသလောက်နည်းပါးနေပြီး ပြည်တွင်းအော်ဒါများသာ ပုံမှန်လက်ခံရောင်းချနေရကြောင်း ဒေသခံလက်မှုလုပ်ငန်း အရောင်းဆိုင်ရှင်များထံမှသိရသည်။

ချောင်းဆုံမြို့နယ် မုဒ္ဒုန်းကျေးရွာရှိ ကျောက်သင်ပုန်းလုပ်ငန်းများမှာ ယခင်ခေတ်ကာလက အများအပြားရှိခဲ့သော်လည်း ယခုကာလတွင် ဈေးကွက်အခြေအနေမကောင်းသဖြင့် ယင်းလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးခန့်သာရှိတော့သည်။ ယခုအခါ မုဒ္ဒုန်းကျေးရွာရှိ ကျောက်သင်ပုန်းလုပ်ငန်းများသည်

ယခင်ခေတ်ကာလက ကလေးသူငယ်များ စာရေးရန်အတွက် အဓိကထားထုတ်လုပ်ခဲ့ရာမှ ယခုအခါ ဘီလူးကျွန်း (ချောင်းဆုံ) အိမ်ပြန် အမှတ်တရလက်ဆောင်ပေးရန်အတွက်သာရည်ရွယ်၍ ကျောက်သင်ပုန်းနာရီ၊ ကျောက်သင်ပုန်း ခတ်ပုံပေါင်၊ အမှတ်တရစာတန်းရေးထိုးထားသော ကျောက်သင်ပုန်းငယ်များစသဖြင့် အမျိုးအစားဒီဇိုင်းစုံလင်စွာဖြင့် ပြုလုပ်ရောင်းချလျက်ရှိသည်။

အလားတူချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာ၌လည်း သစ်သားဆေးတံနှင့်ဘောပင်၊ တုတ်ကောက်၊ သစ်သားလုပ်လက်ဆောင်ပစ္စည်းများကို ပြုလုပ်ရောင်းချသူအနည်းငယ်သာကျန်ရှိတော့ပြီး နိုင်ငံခြားခရီးသွားများ အလာနည်းနေသဖြင့် ယခုရက်ပိုင်းတွင် ဆေးတံများရောင်းချရမှု အလွန်နည်းပါးနေကြောင်းသိရသည်။

**Source:** https://dailydemocracytoday.com/regional-news/466-

## မြေပဲနှင့်နှမ်း ပြည်တွင်းပြည်ပ ဝယ်လိုအားများနေသဖြင့် နေကြာတိုးချဲ့စိုက်ပျိုး

ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့်နှမ်းတို့ကို ပြည်တွင်းပြည်ပ ဝယ်လိုအားများလာသောကြောင့် ကုန်ကြမ်းရှားပါးလာသည့်အပြင် ပြည်တွင်း၌လည်း နေကြာဆီသုံးစွဲမှုများလာသဖြင့် တောင်သူများက နေကြာတိုးချဲ့စိုက်ပျိုးနေကြောင်း မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၏ ပြောကြားချက်အရသိရသည်။ ပြည်တွင်း၌ မြေပဲ၊ နှမ်းနှင့်နေကြာတို့ကိုကြိတ်ခွဲ၍ စားသုံးဆီအဖြစ် အသုံးပြုလေ့ရှိကြသော်လည်း လတ်တလောနှမ်းနှင့်မြေပဲကို ပြည်ပသို့ တင်ပို့မှုများနေသည့်အတွက် ကုန်ကြမ်းရှားပါးမှုများရှိနေသည်။ ထို့ပြင် မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ မှ ၈၀၀၀ အထိ ဈေးနှုန်းရှိပြီး နေကြာဆီတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ မှ ၄၀၀၀ ဝန်းကျင်သာရှိကာ မြေပဲဆီနှင့် ဈေးနှုန်းထက်ဝက်ခန့်ကွာခြားသောကြောင့် နေကြာဆီစားသုံးမှုများလာကြောင်းသိရသည်။

ထိုသို့ နေကြာဆီ စားသုံးမှုများလာခြင်းကြောင့် ပြီးခဲ့သည့်နှစ်က ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးမြို့၌ စံပြစိုက်ကွက်အဖြစ် ဧက ၂၀ စိုက်ပျိုးခဲ့ရာမှ ယခုနှစ်တွင် ယင်းဒေသ၌ နေကြာစိုက်ဧက ၂၀၀ အထိ တိုးချဲ့စိုက်ပျိုး ရန်စီစဉ်လျက်ရှိပြီး နောက်ပိုင်းတွင်လည်း ဆီထွက်သီးနှံကဏ္ဍ တစ်ဖက်တစ်လမ်းမှဖူလုံမှုရှိစေရန် တိုးချဲ့ စိုက်ပျိုးမည်ဖြစ်ကြောင်းသိရသည်။ နေကြာကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ အများဆုံးစိုက်ပျိုးပြီး စစ်ကိုင်းတိုင်းဒေသကြီး ကလေးနှင့်တမူးဒေသတို့၌လည်း စိုက်ပျိုးကြကာ ဧကခုနစ်သိန်းမှ ရှစ်သိန်းဝန်းကျင်အထိရှိကြောင်းသိရသည်။

**Source: Myawady**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2349-peanut-and-sesame-raw-materials-from-local-and-foreign-demand-for-rare-plant-expansion.html

## STOCK EXCHANGE (24.9.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 24th Sep. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 11,500 | 486 | 5,769,500 | 27,112,747 | 325,353 |
| MTSH | 00002 | 4,300 | -100 | -2.27% | 4,400 | 4,400 | 4,300 | 10,410 | 45,579,900 | 38,929,150 | 167,395 |
| MCB | 00003 | 8,600 | +200 | +2.38% | 8,200 | 8,600 | 8,200 | 64 | 541,200 | 10,400,986 | 89,448 |
| FPB | 00004 | 27,000 | +500 | +1.89% | 26,500 | 27,000 | 26,500 | 717 | 19,170,000 | 2,472,053 | 66,745 |
| TMH | 00005 | 3,050 | -50 | -1.61% | 3,050 | 3,050 | 3,000 | 1,201 | 3,638,050 | 12,823,224 | 39,111 |

## Market summary

As of 24th Sep. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 502.48 | -0.89 | -0.18% | 501.38 | 502.90 | 489.07 | 12,878 | 74,698,650 | 5 | 688,052 |

### Index chart




# Market Overview

As of 1:00 pm, 24th Sep. 2019

| MYANPIX | 502.48 ▼0.89 |
|---|---|
| Total Volume (shares) | 12,878 |
| Total Value (MMK) | 75 mil |
| Listed Company | 5 |
| Market Cap. (MMK) | 688,052 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 4,300 | ▼ 100 |
| MCB | 00003 | 8,600 | ▲ 200 |
| FPB | 00004 | 27,000 | ▲ 500 |
| TMH | 00005 | 3,050 | ▼ 50 |